သမ္မာကျမ်းဆိုင်ရာအတွေးအမြင်
ဘုရားသခင်နှင့်ဘာသာရေးခေါင်းဆောင်များက ကျွန်ုပ်တို့မျှော်လင့်သည့်အတိုင်းမလုပ်ပေးသောအခါ



ဤလောကကြီးထဲတွင် ဘုရားကပြုလုပ်ရမည့်အရာ၊ ဘာသာတရားကပြုလုပ်ရမည့်အရာများ
အကြောင်းကိုကျွန်ုပ်အများကြီးတွေးတောနေမိပါသည်။ ထိုသို့တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။
ဆုတောင်းလျက်အကူအညီတောင်းခံနေသူများကို ဘုရားက ယခုထက်ပို၍ကူညီပေးရန် ကျွန်ုပ်ဆန္ဒရှိ သည်။ ထိုနည်းတူပင်
ဘာသာရေးခေါင်းဆောင်များကလည်း ယခုထက်ပို၍ ဦးဆောင်မှုများ၊ အစေခံမှုများကိုပြုလုပ်ပေးရန် ကျွန်ုပ်မျှော်လင့်ထားသည်။
ထိုနည်းတူစွာ ကျွန်ုပ်ကိုယ်တိုင်သည်လည်း တစ်ကိုယ်ကောင်းမဆန်ဘဲ၊ အခြားသူများအတွက် ယခုထက်ပို၍အစေခံကာ ခရစ်တော်၏
နောက်လိုက်ကောင်းတစ်ယောက်ဖြစ်လာရန် ဆန္ဒပြုမိပါသည်။
ဟေရှာယအနာဂတ္တိကျမ်း ၅၅း၉ တွင် "ထာဝရဘုရားမိန့်တော်မူသည်ကား ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။
ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။မိုးကောင်းကင် သည်မြေကြီးထက်သာ၍မြင့်သကဲ့သို့၊ ငါ၏အကျင့်သည်
သင်တို့၏အကျင့်ထက်ဂုဏ်၊ ငါ၏အကြံ အစည်သည် သင်တို့၏အကြံအစည်ထက်ဂုဏ်သာ၍မြင့်၏" ဟုကျမ်းစာထဲတွင် ဖော်ပြထားသည်။
ဘုရားသည် ဘုရားဖြစ်သည့်အတိုင်းပင်ဖြစ်တည်နေသည်။ လူတို့၏ပြုမူ လုပ်ဆောင် ခြင်းများ သည်လည်း ပြည့်စုံမည်မဟုတ်ပေ။ ကျွန်ုပ်
သည်လည်း လူသားတစ်ယောက် ဖြစ်သည့်အတိုင်း လူသားကဲ့သို့ပင်ပြုမူစဉ်းစားလျက်ရှိသည်။ ဘုရားကို အပြည့်အဝ ကျွန်ုပ်နားလည်
နိုင်မည်မဟုတ်ပေ။ ထိုနည်းတူပင် ဘာသာရေးခေါင်းဆောင်များသည်လည်း အပြစ်အနာအဆာများ ဖြင့်ရှိနေမည်သာ။
ကျွန်ုပ်ကိုယ်တိုင်သည်လည်း မပြည့်စုံမှုများ၊ ဆန္ဒစွဲများ၊ အပြစ်များထဲတွင် သေသည့်နေ့ရက်တိုင်အောင် ရုန်းကန်နေရမည်သာဖြစ်သည်။
ဤသို့သောအခြေအနေတွင် မျှော်လင့်ခြင်းနှင့်အကူအညီကို မည်သို့ရှာဖွေရမည်နည်း။
ဖတ်သွားခဲ့သည့်ကျမ်းစာထဲ၌ပင် အဖြေကိုပေးထားပါသည်။ "အိုရေငတ်သောသူအပေါင်းတို့ ရေရှိရာ သို့လာကြလော့။ ငွေမရှိသောသူတို့
လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ၊ အဘိုးကိုမပေး ဘဲလာ၍စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။
နူးညွတ်သောနားနှင့်ငါ့ထံသို့လာကြလော့။နားထောင်ကြ လော့။ သို့ပြုလျှင် သင်တို့၏ဝိညာဉ်သည်အသက်ရှင်ရလိမ့်မည်။
ငါသည်လည်းသင်တို့နှင့် ထာဝရ ပဋိညာဉ်ပြု၍ ဒါဝိတ်၌မြဲမြံသောကျေးဇူးတော်ကို သင်တို့အားပေးမည်။" (ဟေရှာယ ၅၅း၁,၃)
ဘုရားကမပြောင်းလဲပေးသည့်အရာ၊ ကျွန်ုပ်ကိုယ်တိုင်ပြောင်းလဲ၍မရသည့်အရာများကို တွေးပူမနေတော့ဘဲလွှတ်ချလိုက်သည့်အခါတွင်
ပို၍လွတ်လပ်သွားပြီး ဘုရားသခင်ကလည်း ကျွန်ုပ်ဝိညာဉ်၏ ဆာငတ်မှုကို ဖြေသိမ့်ပေးပါသည်။ ပြောင်းလဲ၍မရသောအရာများကို
လွှတ်ချ လိုက်သည့်အခါ ပို၍ပေါ့ပါးစွာဖြင့် အသက်ရှင်လာနိုင်ပြီး ဘုရားအလိုတော်ကို ပိုသိ၊ပိုချစ်၊ပို၍ အစေခံလာနိုင်သည်။ ယေရှု
သွန်သင်သည့်အတိုင်း ဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ပြီး မိမိဘေး ပတ်ဝန်းကျင်ရှိသူများကို လည်း ပို၍ချစ်လာသည့်အခါ
ဘုရားရှိနေခြင်းကို ပို၍သိမြင်ခံစားလာရသည်။ ဘုရားသခင်ကို ပို၍ မြင်လာရသည်။ ပြဿနာတိုင်းကို ဘုရားကဖြေရှင်းပေးရန်

တောင်းလျှောက် နေခြင်းထက် ကျွန်ုပ်ကိုယ်တိုင်ဝိညာဉ်ရေးရာ၌ကြီးထွားလာ၍ မည်သို့ အစေခံရမည်ဟု ဆုတောင်း လိုက်သည့်အခါ မျှော်လင့် ခြင်းကိုပို၍တွေ့မြင်လာရသည်။ ဖြစ်နိုင်သမျှနည်းလမ်းတိုင်းဖြင့် လူအချင်းချင်းအပေါ် ပို၍ချစ်တတ်လာရန်၊ ပို၍အစေခံလာရန် ကြိုးစားအသက်ရှင်သည့်အခါ မှောင်မိုက်တန်ခိုး၏လွှမ်းမိုးမှုမှ လွတ်မြောက်သည်ဟုခံစားလာရပြီး အဆိုးကို အကောင်းဖြင့် ကျော်လွှားနိုင်သည်ဟု ခံစားလာရသည်။ (ရောမသြဝါဒစာ ၁၂း၉-၂၁)

လောကတွင်ဖြစ်ပျက်နေသည့်မကောင်းမှုများ ဆက်လက်မဖြစ်တော့ရန်၊ ကျွန်ုပ်ကိုယ်တိုင်သည်လည်း ယခုထက်ပို၍ ကောင်းသည့်အရာများကိုလုပ်ဆောင်ရန်၊ ကောင်းသည့်အရာများကိုသာ ဘုရားပြုလုပ်ပေးရန်ဆန္ဒပြုမိပါသည်။ သို့သော်ကျွန်ုပ်တို့၏ ဘဝစိန်ခေါ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ဘုရားထံမှလာသော စိတ်အားထက်သန်မှု၊ ခွန်အားပေးခြင်း၊ တွန်းအားပေးများမရှိပါကလည်း လောက၌မည်သို့ဆက်လက်၍ အသက်ရှင် ရမည်ကိုပင် ကျွန်ုပ်သိတော့ပေ။ လူ့အလိုဆန္ဒရှိသည့်အတိုင်း ဖြစ်လာမည်မဟုတ်သည့် ဤအမှန်တရား ဆေးခါးကြီးကို မျိုချရသည့်အခါ တစ်ချိန်တည်းတွင်လည်း ကျွန်ုပ်၏ယုံကြည်ခြင်း၊ ဘုရားသခင်နှင့်မိသဟာရပြုခြင်းအားဖြင့် နှလုံးသားထဲတွင် လူဉာဏ်အားဖြင့်နားမလည်နိုင်သည့် ငြိမ်သက်ခြင်းကိုခံစားရလာသည်။ ကျွန်ုပ်ခွန်အားဖြင့်မရနိုင်သည့် ပျော်ရွှင်ခြင်းကိုခံစားလာရသည်။ တစ်ကြိမ်မျှမခံစားဖူးသော ချစ်မေတ္တာကိုလည်းခံစားလာရသည်။ ပျက်စီးရှုတ်ထွေးနေသည့် ကမ္ဘာ့ပြဿနာဒုက္ခများကြားတွင် ဘဝ၏အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်ကို ကျွန်ုပ်ရှာတွေ့ခဲ့ပါသည်။

ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ငါ့ထမ်းဘိုးကို တင်၍ထမ်းကြလော့။ငါ့ထံ၌နည်းခံကြလော့။ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့၏စိတ်နှလုံးသည် သက်သာခြင်းကိုခံရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းဘိုးသည်ထမ်း လွယ်၏။ငါ့ဝန်လည်းပေါ့၏ဟုမိန့်တော်မူ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း ၁၁း၂၈-၃၀)

သခင်ယေရှု၏ချစ်ခြင်းမေတ္တာဖြင့်

Dr. Tim
ဦးထင်ကျော်

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဒေါ့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။